# WINDOW 7 INSTALLATION

မင်္ဂလာပါခင်ဗျာ .....

ဒီစာအုပ်ကလေး က Window တင်ဖူးနေသူတွေအတွက်ကတော့ တကယ့်ကို အရေးမပါတဲ့စာအုပ်တစ်အုပ်လည်းဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ဒါပေမယ့်လည်းဟိုအရင်က WindowXPကိုပဲတင်ဖူးနေပေမယ့်လည်း နောက်ပိုင်းမှာ Window 7 နဲ့ ကျတော့ နဲနဲ ကွဲပြားလာတာကလေးတွေ ရှိလာပါတယ် ။ ကိုယ့်ဘာသာကိုယ်စမ်းပြီးတော့ တင်ရင်လည်း ရပါတယ်။ ☺ ဒါပေမယ့် ကွဲနေတာကလေးတွေ ရှိနေတော့ တခါတည်းတင် တခါတည်းပွဲသိမ်းဖြစ်ဖို့အတွက် အဆင်ပြေသွားအောင်ပါခင်ဗျာ ။ လုပ်ရတာလွယ်ကူအောင် ပုံကလေးတွေနဲ့ လည်းရှင်းပြထားလိုက်ပါတယ် ။ အဆင့်လိုက်ကလေးတွေကိုပုံကလေးတွေ နဲ့ ရှင်းပြပေးထားပါတယ်ခင်ဗျာ။ Window စတင်မယ့်သူတွေအတွက်လည်း အထောက်အကူပြုနိုင်မယ်ထင်ပါတယ်......

Window 7 မတင်ခင်မှာ ကိုယ့်ရဲ့စက်မှာလိုအပ်မယ့် Requirement ကလေးကတော့အောက်မှာပါ။ တကယ်လို့ကိုယ့်ရဲ့စက်မှာ အဲဒီ့လောက်မရှိဘူးဆိုရင်တော့ မတင်သင့်ပါဘူးခင်ဗျာ။ ဒါပေမယ့် အခုနောက်ပိုင်းသုံးနေကျတဲ့ စက်တွေမှာတော့ တော်တော်များများက ပြည့်စုံပြီးဖြစ်ပါလိမ့်မယ်။

**Window 7 System Requirement**

1. 1 gigahertz (GHz) or faster 32-bit (x86) or 64-bit (x64) processor
2. 1 gigabyte (GB) RAM (32-bit) or 2 GB RAM (64-bit)
3. 16 GB available hard disk space (32-bit) or 20 GB (64-bit)
4. DirectX 9 graphics device with WDDM 1.0 or higher driver(to enable the Aero theme)

အဲဒီ့အချက်တွေနဲ့ ကိုက်နေပြီဆိုရင်တော့ ကဲ စပြီးတော့ လုပ်ကြည့်ရအောင်ပါ .....


ဒီပထမ အဆင့်တွေကတော့ window တင်တိုင်းပြောင်းပေးနေရမယ့် အဆင့်မလို့အတူတူပါပဲ ။ Window တက်တက်ချင်းမှာ ဘယ်ကနေပြီးတော့ စပြီးတော့ ဖတ်မလဲဆိုတာကိုရွေးပေးရပါ့မယ် ။ Boot setting ကိုပြောင်းပေးရပါ့မယ်။ Window စတက်တဲ့ အခါမှာ ကိုယ်က CD ခွေကနေစတက်ပြီးတော့ Window ကို Install လုပ်မှာဖြစ်တဲ့အတွက် ပြောင်းပေးရခြင်းဖြစ်ပါတယ်ခင်ဗျာ။ ဘယ်လိုပြောင်းမလဲ ။ ????

စက်ကို ပထမ Restart ချလိုက်ပါ ။ ပြီးရင်တော့ Delete key ကိုနှိပ်ပေးထားလိုက်ပါ။ အဲဒါဆိုရင်တော့ CMos setting ထဲကိုဝင်ရောက်သွားမှာဖြစ်ပါတယ်။

## Intel Motherboard

အခုအောက်ကပုံကလေးကတော့ Intel motherboard ရဲ့ CMos setting ဖြစ်ပါတယ် ။ အဲဒီ့မှာ Intel motherboard ဆိုရင်တော့ အပေါ်က tab ဘားကလေးတွေကို Arrow ကလေးတွေနဲ့ကျော်ပြီးတော့


Boot ဆိုတာကိုရွေ့ပြီးတော့သွားလိုက်ပါ ...သွားပြီးရင် အဲဒီအောက်ကလေးမှာ Boot Device Priority ဆိုတာကိုတွေ့ပါ့မယ်။အဲဒါကို Enter  ခေါက်လိုက်ပါ ။အဲဒါဆိုရင်တော့ အောက်မှာ





1st Boot Device

2nd Boot Device


3rdBootDevice ဆိုတာကလေးကိုတွေ့ရပါ့မယ် ။







အဲဒီနေရာကလေးမှာ $1^{st}$ Boot device ဆိုတာမှာ ကိုယ့်ရဲ့ CD/DVD Drive ကိုရွေးပေးရပါ့မယ်။ ပြီးရင်တော့ $2^{nd}$ Boot device ဆိုတာကိုတော့ ကိုယ့်ရဲ့ Hard disk ကိုရွေးပေးလိုက်ပါခင်ဗျာ။


ရွေးတာကတော့ ကိုယ်လိုချင်တဲ့ အပိုင်းကလေးတွေဆီကို Arrow ကလေးတွေနဲ့သွားလိုက်ပါ ။ ပြီးရင် အဲဒီနေရာကလေးကိုရောက်ပြီဆိုတာနဲ့ Enter ကိုခေါက်ချလိုက် ပြီးရင် ရွေးစရာရှိတာကလေးကို ရွေးလိုက်ရင်ရပါတယ် ။






အပေါ်ကပုံကလေးကတော့ ကိုယ့်ရဲ့ $1^{st}$ boot device မှာ CD drive ကိုရွေးပြီး $2^{nd}$ boot device မှာ hard drive ကိုရွေးထားတဲ့ပုံကလေးဖြစ်ပါတယ်။ အဲ့ဒီ့လိုကလေးရွေးပြီးပြီဆိုရင်တော့ F10 ကိုနှိပ်လိုက်ပါ။ အဲ့ဒီ့မှာသူကမေးပါလိမ့်မယ် ..

## Save configuration changes and exit now?




စောစောက လုပ်လာတာတွေကို save လုပ်ပြီးတော့ CMos setting ထဲကထွက်မှာလားလို့ မေးပါလိမ့်မယ် ။ အဲဒါဆိုရင်တော့ Ok ပေါ့ ။ ကိုယ်လုပ်ထားတာပဲ Save ပြီးထွက်ရမှာပေါ့ :P :P ☺ ☺

OK ကိုနှိပ်လိုက်ရင်တော့ စက်က Restart ကျသွားပါလိမ့်မယ် ။

အခု ပြခဲ့တာကလေးတွေကတော့ Intel Motherboard ရဲ့ CMos setting ကိုပြောင်းတဲ့ပုံကလေး တွေပါ။

# ASUS MOTHERBOARD

အခုအောက်ကပုံကလေးတွေကတော့ Asus motherboard ရဲ့ Cmos setting လေးတွေဖြစ်ပါတယ်။ အဲဒီကိုသွားတာကလည်း window စတက်ဖို့လုပ်ချိန်မှာ Delete Key ကိုဆက်တိုက်နှိပ်ထားလိုက်ပါ ။ အဲဒါဆိုရင် Cmos setting ထဲကိုရောက်သွားမှာဖြစ်ပါတယ်။ ဒီပုံကလေးတွေကိုတော့ အရင်က window installation စာအုပ်တစ်အုပ်ထဲကပဲ ယူပြီးတော့ပြလိုက်ပါတယ်ခင်ဗျာ။

အခုအောက်ပုံကတော့ Asus ရဲ့ Cmos setting ဖြစ်ပါတယ်။




အဲဒီ့မှာ Advanced BIOS Features ဆိုတာကလေးကိုရွေးပြီးတော့ Enter ခေါက်လိုက်ပါ။အဲဒါဆိုရင် အောက်ကပုံကလေးကိုမြင်ရပါ့မယ်။




အဲဒီ့ကိုရောက်ရင်တော့ အောက်က First Boot Device ကိုသွားလိုက်ပါ။ ပြီးရင်တော့ Enter ခေါက်လိုက်ပါခင်ဗျာ။

ဒါကတော့ First Boot device ကိုသွားတဲ့ပုံကလေးပါခင်ဗျာ




ပြီးရင်တော့ အောက်ကပုံကလေးကလို **First Boot Device** ကို **CDRom** ကိုရွေးပေးလိုက်ပါ ။




ဒီအောက်ကပုံကလေးကတော့ **Second Boot Device** ကို **Hard Disk** ကိုရွေးပေးတဲ့ပုံကလေးပါ။




အဲဒီလိုရွေးပြီးသွားရင်တော့ **F10** ကိုနှိပ်ပေးလိုက်ပါခင်ဗျာ။ အဲဒါဆိုရင် အောက်ကပုံကလေးလို Save ပြီးတော့ ထွက်မှာလားလို့မေးပါ့မယ်။




အဲဒါဆိုရင် တော့ Y ကိုနှိပ်ပြီးတော့ Enter ခေါက်ချလိုက်ပါ။ အဲဒါဆိုရင်တော့ Window စတင်လို့ရပါပြီ။

## INSTALLATION STAGE

အပေါ်ကအဆင့်တွေပြီးသွားပြီဆိုရင်တော့ Window စတင်ပါ့မယ်။ စတော့မယ်ဆိုရင်အောက်က ပုံကလေး ပေါ်လာပါ့မယ်။




ပုံ ( ၁ )

CD ဒါမှမဟုတ် DVD ကနေပြီးစပြီးတော့ Boot တက်မယ်ဆိုရင် Key တစ်ခုခု ကိုနှိပ်ပါဆိုပြီးတော့ ပြောပါလိမ့်မယ်။ အဲဒီ့ အခါကျရင် Keyboard က Key တစ်ခုခု ကိုနှိပ်ပေးလိုက်ပါ.။ နှိပ်ပေးလိုက်ပြီဆိုရင်အောက်က ပုံကလေးကိုမြင်ရပါ့မယ် ။ Window ခွေကိုစဖတ်တဲ့ပုံကလေးပါ။

(မှတ်ချက်။ ။ အဲဒီ့နေရာမှာ Keyboard က Keyကို နှိပ်ပါဆိုတာမှာ ပထမဆုံးအခါမှာပဲနှိပ်ရပါ့မယ် ခင်ဗျာ နောက်ထပ်တက်လာခဲ့ရင် နှိပ်စရာမလိုပါဘူး ။)





ပုံ ( ၂ )




ပုံ ( ၃ )

အခုပုံကလေးတွေပြီးသွားရင်တော့ အောက်ပုံကလေးကိုမြင်ရပါ့မယ် ။ အဲဒီမှာ ရွေးစရာရှိတာကလေးတွေကိုရွေးပေးပြီးတော့ Next ကိုပေးလိုက်ပါ .။





ပုံ ( ၄ )





ပုံ ( ၅ )

အဲဒီမှာ Intall now ဆိုတာကိုနှိပ်လိုက်ပါ့မယ် .။နှိပ်ပြီးသွားရင်တော့ ခဏလောက်စောင့်လိုက်ပါဦး .။ စောင့်ပြီးတော့ ခဏအကြာမှာအောက်ကပုံကလေးကိုမြင်ရပါ့မယ်။ ကိုယ်က ဘယ်အမျိုးအစားကို Install လုပ်မှာလဲဆိုပြီးတော့ မေးတာပါ။





ပုံ ( ၆ )

(မှတ်ချက် ။ ။ ပုံ ( ၆ ) နေရာကလေးမှာ ကျွန်တော်က window 7 all edition ပါတဲ့ ခွေကိုသုံးထားတဲ့ အတွက်အခုလို ကလေးပေါ်နေခြင်းဖြစ်ပါတယ်ခင်ဗျာ။ တကယ်လို့ Window 7 Ultimate တစ်ခုတည်းပါတာ ကိုသုံးခဲ့တယ်ဆိုရင် တော့ အခုလိုမျိုးပေါ်မှာမဟုတ်ပါဘူး ။ အဲဒီ့အဆင့်ကို ကျော်သွားမှာ ဖြစ်ပါတယ်။ ပုံ (၇ ) ကိုရောက်သွားမှာဖြစ်ပါတယ်။ )





ပုံ ( ၇ )

ဒီ ပုံ ( ၇ ) အဆင့်မှာတော့ I accept the license terms ဆိုတာကလေးမှာ အမှန်ခြစ်ကလေး ထည့်ပြီးတော့ Next ကိုပဲပေးလိုက်ပါ။





ပုံ ( ၈ )

ဒီ ပုံ ( ၈ ) အဆင့်မှာတော့ ကိုယ်က အရင်ရှိပြီးသားကို Upgrade လုပ်မှာမဟုတ်တဲ့အတွက် အောက်က Custom ( advanced ) ဆိုတာကိုပဲ ရွေးပေးရပါ့မယ်။





ပုံ ( ၉ )

ပုံ ( ၉ ) မှာကတော့ ကိုယ်က ဘယ် Drive ထဲကို Window တင်မလဲဆိုတာကလေးကိုမေးထားတာပါ။ အဲဒီမှာ ကျွန်တော်က VM ကိုသုံးထားတဲ့အတွက် တခြား Drive တွေမပေါ်ခြင်းဖြစ်ပါတယ်။ အသုံးပြုတဲ့သူတွေ အနေနဲ့ကတော့ ကိုယ့်စက်မှာ ရှိသမျှ Drive တွေ အားလုံးပေါ်မှာဖြစ်ပါတယ် ။ အဲဒီမှာ ကိုယ်က Disk ( C ) ထဲမှာပဲတင်မှာလား ဘာလားဆိုတာကိုရွေးရပါ့မယ်။ ရွေးပြီးပြီဆိုရင်တော့ အောက်မှာ ပြထားတဲ့ Drive option ( advanced ) ဆိုတာကလေးကိုနှိပ်လိုက်ပါ။ နှိပ်လိုက်ရင်တော့ ပုံ ( ၁၀ ) ကိုမြင်ရမှာဖြစ်ပါတယ် ။





ပုံ ( ၁၀ )

အဲဒီ ပုံ ( ၁၀ ) ကိုရောက်သွားရင်တော့ ကိုယ် Window တင်မယ့် Drive ကိုရွေး ပေးပါ ။ ပြီးရင်တော့ အဲဒီ Drive ထဲမှာ အရင်က လက်ကျန် Window တွေကို မကျန်စေချင်တဲ့အတွက် Window တွေကို Format ရိုက်ရပ့ါမယ်။ တကယ်လို့မှ အရင် က ဟာတွေကို လည်းမဖျက်စေချင်ဘူးဆိုရင်တော့ Format ရိုက်စရာမလိုပါဘူး ။ ပြီးရင်တော့ **Next** ကိုနှိပ်ပေးလိုက်ပါ။





ပုံ ( ၁၁ )


ပုံ ( ၁၁ ) ကတော့ Window Installing လုပ်နေတဲ့ပုံကလေးပါ။ အဲဒီမှာ တော့ ကိုယ်က ဘာမှလုပ်စရာမလိုပါဘူး စောင့်ရပ့ါမယ်။ Window XP တုန်းကလိုဆိုရင်တော့ အများဆုံး ၃၉ မိနစ်ပေ့ါ. စောင့်ပြီးသွားရင်တော့ သူ့အလိုလို Restart ကျသွားပ့ါမယ် ။ ( ပုံ ၁၂)


Install Windows
Windows needs to restart to continue
Restarting in 7 seconds
Restart now
1 Collecting information
2 Installing Windows

ပုံ ( ၁၂ )



Set Up Windows
Windows 7 Ultimate
Choose a user name for your account and name your computer to distinguish it on the network.
Type a user name (for example, John):
Type a computer name:
PC
Copyright © 2009 Microsoft Corporation. All rights reserved.
Next

ပုံ ( ၁၃ )



Set Up Windows
Type your Windows product key
You can find your Windows product key on a label included with the package that came with your copy of Windows. The label might also be on your computer case. Activation pairs your product key with your computer.
The product key looks similar to this:
PRODUCT KEY: XXXXX-XXXXX-XXXXX-XXXXX-XXXXX
(dashes will be added automatically)
Automatically activate Windows when I'm online
What is activation?
Read our privacy statement
Next

ပုံ ( ၁၄ )


ပုံ ( ၁၄ ) မှာတော့ ကိုယ့်ဆီမှာ တကယ်လို့ Key ရှိခဲ့တယ်ဆိုရင် အဲဒီမှာ ရိုက်ထည့်လိုက်ပါ။ Key မရှိခဲ့ဘူးဆိုရင်တော့ Next ပဲပေးလိုက်ပါ.။ နောက်မှ Activated ဖြစ်အောင်လုပ်လို့ရပါတယ်။




ပုံ ( ၁၅ )





ပုံ ( ၁၆ )




ပုံ ( ၁၇ )


Welcome
Windows 7 Ultimate

ပုံ (၁၈ )


Recycle Bin
6:40 PM
1/4/2010

ပုံ ( ၁၉ )


Recycle Bin
Getting Started
Windows Media Center
Calculator
Sticky Notes
Snipping Tool
Paint
Remote Desktop Connection
Magnifier
Solitaire
All Programs
Search programs and files
kohtet
Documents
Pictures
Music
Games
Computer
Control Panel
Devices and Printers
Default Programs
Help and Support
Shut down
6:42 PM
1/4/2010

## ပုံ( ၂၈ )

ပုံ ( ၁၅ ) ကနေပြီးတော့ ( ၂၈ ) ထိမှာတော့ ထွေထွေထူးထူးသိပ်ပြီးတော့ လုပ်စရာမလိုပါဘူး ။ သူ့ပေးထားတဲ့ စာကလေးတွေကို လိုက်ဖတ်ပြီးတော့ ကိုယ်ကြိုက်ရာရွေးပြီးတော့လုပ်လည်းရပါတယ် ။ကျွန်တော်ပုံကလေးထဲမှာပြထားသလိုလုပ်လည်းရပါတယ်။ အဆင်ပြေမယ်ထင်ပါတယ်။

ပုံ ( ၁၄ ) မှာတုန်းကကျွန်တော်ပြောခဲ့တဲ့ Window 7 ကို Activated ဖြစ်ဖို့အတွက် Loader ဖြစ်ဖြစ် Activator ဖြစ်ဖြစ် တစ်ခုခု သုံးပြီးတော့ ဖြေရှင်းနိုင်ပါတယ်။ အဲဒီ Loader ကလေးတွေကိုတော့အောက်က လင့်တွေမှာ သွားယူနိုင်ပါတယ်။

http://mglhulin.blogspot.com/2009/11/window-7-vista-activators.html


http://www.myanmaritresource.info/search.forum?mode=searchbox&search_keywords=activator&show_results=topics

ပုံကလေးတွေနဲ့ မလို့ အားလုံးအဆင်ပြေလိမ့်မယ်လို့ မျှော်လင့်ပါတယ် ။


Window 7 မှာ တခြား Home premium ၊ business စသဖြင့် ရှိပါသေးတယ်။ အဲဒါတွေကို Install လုပ်ရင်လည်း ဒီအဆင့်တွေအတိုင်းပါပဲ။ အဲဒီ အဆင့်တွေပြီးသွားရင်တော့ Window တစ်ခု ကိုအောင်မြင်စွာ တင်ပြီးပြီလို့သတ်မှတ်လို့ရပါတယ်…

ဒီတစ်ချက်ကတော့ Window 7 သုံးတဲ့အခါမှာ အသံပိုင်းနဲ့ပါတ်သတ်လို့ ညှိတတ်တာကလေးပါ။ ကိုယ့်ရဲ့စက်မှာ sound card ပါတယ်ဆိုရင်တော့ အေးဆေးပါပဲ .. ဒါပေမယ့် mother board မှာပါတဲ့ Realtek ကိုသုံးမယ်ဆိုရင်တော့ နည်းနည်းကလေး ပြဿနာကလေးရှိလာပါတယ်.။ အသံကတော့ထွက်ပါတယ် ဒါပေမယ့် တခြား Vioce ပိုင်းဆိုင်ရာနဲ့ကျရင်နည်းနည်းလေး ကသိကအောက်နဲ့ပါ.။ ခါတိုင်းသုံးနေကျလိုမဟုတ်တော့ပါဘူး။ ( ဥပမာ ။ ။ Gtalk မှာ စကားပြောရင် တောင်မှ အရင်ကလို အဆင်မပြေတော့ပါဘူး။ )အဲဒါကလေးကို ဖြေရှင်းလို့ရပါတယ်။ လိုတာကတော့ ကိုယ့်ရဲ့ Motherboard CD လိုတာပါ။ လုပ်တာကလည်းသိပ်တော့မကြာပါဘူး။


အရင်ဆုံး Motherboard CD ကို ထည့်ထားလိုက်ပါ ။ ပြီးရင်တော့ My computer ကို R-click ထောက်လိုက်ပါ။ ပြီးရင်တော့ Manage ဆိုတာကလေးကို နှိပ်လိုက်ပါ။





နှိပ်လိုက်ပြီဆိုရင် Computer Management ဆိုတဲ့ Box တက်လာပါလိမ့်မယ်။ အဲဒီ့က Device Manager ဆိုတာကလေးကိုထောက်လိုက်ပါ ။





ထောက်ပြီးသွားရင် ဘေးဘက်မှာ တွေ့ပါလိမ့်မယ် ။ Sound video and game controller ဆိုတာကလေးပါ ။ အဲဒါကလေးရဲ့ အောက်မှာ sound box ပုံကလေးတွေ ရှိပါတယ်.။ အဲဒီ့မှာ High Definition Audio Device ဆိုတာကလေးကို R-click ထောက်လိုက်ပါ။ ပြီးရင်တော့ Update Driver ဆိုတာကလေးကိုနှိပ်လိုက်ပါ။




အဲဒါဆိုရင်တော့ နောက်ထပ် Box တစ်ခုတက်လာပါ့မယ် ။ အဲဒီ software ကို ဘယ်ကနေပြီးတော့ရှာမှာလဲ ။ Online ကနေရှာမှာလား ။ ကိုယ့် စက်ထဲကပဲရှာမှာလားဆိုတာပါ။ အဲဒီတော့ကိုယ့် ရဲ့ CD ခွေထဲကပဲ ရှာရမှာပေါ့။




အဲဒါကလေးကိုနှိပ်ပြီးရင်တော့ Browse ကနေပြီးတော့ကိုယ့် ရဲ့ Drive ကိုရွေးပေးပြီး Ok ကိုနှိပ်လိုက်ပါ။




အဲဒီမှာ OK ကိုနှိပ်ပြီးရင်တော့ အောက်မှာ Next ဆိုတာကလေးရှိပါသေးတယ်။ အဲဒါကလေးကို နှိပ်လိုက်ပါ။ နှိပ်လိုက်ရင် သူ့ဘာသာသူ ရှာပါလိမ့်မယ်။ နောက်တော့ Installing Driver software ဆိုပြီးတော့ ပေါ်လာပြီး Finished ဆိုတဲ့ Buttom ကလေးပေါ်လာပါ့မယ်။ အဲဒါဆိုရင် အဲဒါကိုနှိပ်ပြီးတော့ အဆုံးသတ်လို့ရပါပြီ။ Restart ချပြီးသွားရင်တော့ Realtek ကို အဆင်ပြေပြေ အသုံးပြုနိုင်မှာပါ ။




အားလုံး အဆင်ပြေပါစေလို့ မျှော်လင့်လျက်.....


မြန်မာအိုင်တီလောကဖွံ့ဖြိုးရေးဖိုရမ်

www.myanmaritresource.info

လုလင်တစ်ဦး၏အတွေးဆုံမှတ်

www.mglhulin.blogspot.com

အားလုံးအဆင်ပြေပါစေခင်ဗျာ


Everything you need for work and home
With Windows 7 Professional, fewer walls stand between you and your success. You can run many Windows XP productivity programs in Windows XP Mode and recover data easily with automatic backups to your home or business network. You can also connect to company networks effortlessly and more securely with Domain Join. With all the exciting entertainment features of Windows Home Premium, it's a great choice for home and for business.
Simplify everyday tasks
Work the way you want
Make new things possible
Windows 7 system requirements:
1 gigahertz (GHz) or faster 32-bit (x86) or 64-bit (x64) processor
1 gigabyte (GB) RAM (32-bit) or 2 GB RAM (64-bit)
16 GB available hard disk space (32-bit) or 20 GB (64-bit)
DirectX 9 graphics device with WDDM 1.0 or higher driver
Additional requirements to use certain features:
Internet access (fees may apply)
Depending on resolution, video playback may require additional memory and advanced graphics hardware
For some Windows Media Center functionality a TV tuner and additional hardware may be required
Windows Touch and Tablet PCs require specific hardware
HomeGroup requires a network and PCs running Windows 7
DVD/CD authoring requires a compatible optical drive
BitLocker requires Trusted Platform Module (TPM) 1.2
BitLocker To Go requires a USB flash drive
Windows XP Mode requires an additional 1 GB of RAM, an additional 15 GB of available hard disk space, and a processor capable of hardware virtualization with Intel VT or AMD-V turned on
Music and sound require audio output
For further information, please visit http://www.microsoft.com/windows
Important information:
Windows 7 requires activation to reduce software piracy and help ensure our customers receive the software quality they expect. Microsoft does not use the information collect by activation to identify or contact you.
PRODUCT KEY:
Do not lose this key! You must use it to install this software.
So be sure to keep this case in a safe place
Microsoft Corporation, One Microsoft Way,
Redmond, WA 98052-6399, USA
©2009 Microsoft Corporation. All rights reserved
Microsoft Windows, the Windows logo and Windows 7 are either registered trademarks or trademarks of Microsoft Corporation in the United States and/or Other countries.
Part No. GLC-00182
Microsoft
Windows 7 Professional
Windows 7
Professional
Microsoft